# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

**DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)**

## ဆရာဒဂုန်တာရာနှင့်အတူ ကြားဝင်ဆောင်ရွက်ပေးကြပါ

ဆရာဒဂုန်တာရာက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် (နအဖ)စစ်အစိုးရတို့အကြား **"နှစ်ဘက်က ယုံကြည်ကိုးစားလို့ စေ့စပ်ရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးပါဆိုရင်တော့ ကျနော် ဆောင်ရွက်နိုင်သလောက်တော့ ဆောင်ရွက်ပေးရမှာပေါ့ဗျာ။ ဘာလို့လဲဆိုတော့ ကျနော် ငြိမ်းချမ်းရေးလိုချင်တာကို"** လို့ ပြောဆိုလာတဲ့အတွက် ကျနော်တို့ အထူးပဲ ဝမ်းသာအားတက်မိပါတယ်။ ကြားဝင် ဆောင်ရွက်ပေးပါလို့လည်း ကျနော်တို့က အလေးအနက် တောင်းဆိုပါတယ်။

ဆရာဒဂုန်တာရာပြောသလိုပါပဲ၊ "ကျနော်က ဒီရည်ရွယ်ချက် တစ်ခုတည်းပါ။ တိုင်းပြည်ကို ငြိမ်းချမ်းစေချင်တယ်ဗျ။ ငြိမ်းချမ်းရေး မရသေးတာဟာ ငြိမ်းချမ်းရေး မခိုင်မာသေးဘူး၊ မခိုင်မာသေးလို့ လို့ ကျနော် ယူဆတယ်။ ဒါ နှစ်ဘက် ခုလို မပြေမလည်ဖြစ်နေတဲ့ကိစ္စကို ကျနော်ခံစားရလို့ ညီညွတ်အောင်လုပ်စေချင်တဲ့စေတနာသက်သက်နဲ့ပဲ ကျနော် အခုလို စေ့စပ်ပေးရခြင်း ဖြစ်ပါတယ်။ လမ်းဆုံလမ်းခွရောက်နေပြီ။ ငြိမ်းချမ်းရေးလမ်း သွားမလား၊ ကြမ်းတမ်းတဲ့လမ်းကို သွားမလား၊ ငြိမ်းချမ်းရေးနည်းနဲ့ ငြိမ်းချမ်းရေးလမ်းကို သွားလို့ရှိရင်တော့ တမျိုးသားလုံးအတွက်၊ အင်အားစုတွေ အားလုံးအတွက်၊ နိုင်ငံရေးအင်အားစုတွေအားလုံးအတွက် မုချ အကျိုးရှိမှာ ဖြစ်ပါတယ်။" ကျနော်တို့လည်း ဆရာဒဂုန်တာရာပြောသလိုပါပဲ၊ တိုင်းပြည်ရဲ့ ပြဿနာအရပ်ရပ်ကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အဓိပ္ပါယ်ရှိစွာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးစေချင်တာပါပဲ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တွေ့ဆုံဆွေးနွေးကြရန် တလျှောက်လုံး တင်ပြတောင်းဆိုခဲ့ပါတယ်။ သို့သော်လည်း (နအဖ) စစ်အစိုးရက အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲနေခဲ့ပါတယ်။

ဆရာဒဂုန်တာရာဟာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ တပည့်တစ်ဦးပီပီ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဩဝါဒဖြစ်တဲ့ **'သူမနာ ကိုယ်မနာ ငြိမ်းချမ်းရေးလမ်းစဉ်'**ကို ဆက်လက်ကိုင်စွဲပြီး ကြားဝင်ဆောင်ရွက်ပေးနိုင်မယ်ဆိုတာ ကျနော်တို့ အပြည့်အဝယုံကြည်ပါတယ်။ ဆရာဒဂုန်တာရာနှင့်အတူ တိုင်းပြည်နှင့်လူထုက ကြည်ညိုလေးစားတဲ့ အမရပူရမဟာဂန္ဓာရုံဆရာတော်ကြီးနဲ့ ပဲခူးကျခပ်ဝိုင်းဆရာတော်ကြီးတို့လို ဆရာတော် သံဃာတော်ကြီးတွေ၊ လူထုဒေါ်အမာ၊ ဒေါက်တာသန်းထွန်း၊ ဆရာပါရဂူ တို့လို အစရှိတဲ့ တိုင်းပြည်နဲ့လူထုက ချစ်ခင်လေးစား ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်ကြီးတွေ ပါဝင်ကြပါလို့ အလေးအနက် ပန်ကြားအပ်ပါတယ်။

ယခုကဲ့သို့ ကြားဝင်ဆောင်ရွက်ပေးမှုကို ပြည်သူလူထုတစ်ရပ်လုံးကလည်းကောင်း၊ ပြည်တွင်း ပြည်ပ နိုင်ငံရေးအင်အားစုအားလုံးကလည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများကလည်းကောင်း ဝမ်းပမ်းတသာ ကြိုဆိုလက်ခံကြမယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ (နအဖ)စစ်အစိုးရတို့အကြား နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးပွဲ အမြန်ဆုံး ဖြစ်ပေါ်လာရေးကို ဦးတည်တဲ့ လှုပ်ရှားမှုမှန်သမျှကို တက်တက်ကြွကြွထောက်ခံပြီး၊ ကျရာအခန်းကဏ္ဍကနေ ပူးပေါင်းပါဝင် ဆောင်ရွက်သွားပါ့မယ်လို့ ကျနော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ အလေးအနက် ကတိပြုပါတယ်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်။

ဆက်သွယ်ရန်

| | |
|---|---|
| ကိုအောင်မိုးဇော် | ၆၆ ၉ ၈၅၀၃၆၀၃ |
| ကိုယဉ်ထွေး | ၆၆ ၇ ၈၄၈၄၀၀၇ |
| ကိုငွေလင်း | ၆၆ ၁ ၇၂၇၂၅၂၆ |

E-mail: hq@dpns.org, information@dpns.org, www.dpns.org